# ၁၀။ ထန်းလျက်နှစ်ခဲကြောင့် ဒေသနာကြားရ

ဆရာတော် ။ ။ သပြေကန်ဆရာတော် လောင်းလျှာ ရဟန်းငယ်ဘဝက အတွေ့အကြုံတစ်ခုကလည်း မှတ်သားစရာ ကောင်းလှတယ်။

M.Sc ကျောင်းသား ။ ။ ဘယ်လိုအတွေ့အကြုံ များပါလဲဘုရား။

ဆရာတော် ။ ။ ထန်းလျက်ခဲကြောင့် ဒေသနာကြားခဲ့ရတဲ့ အကြောင်းပါပဲ။ တစ်နေ့မှာ ဦးပဥ္စင်းအရှင်ဝါသေဌကသံဃာအများသုံးဆောင်ဖို့ထားထားတဲ့ ထန်းလျက်တောင်းထဲကနေ ထန်းလျက်နှစ်ခဲကို နှိုက်ယူလိုက်တယ်။ ဒါကို ကပ္ပိယမောင်အောင်ကြီးက မြင်လိုက်တော့ *"အဲဗျာ ဒီဦးပဥ္စင်းက ဘယ်လိုဦးပဥ္စင်းလည်း မသိဘူး၊ ကိုရင်ဘဝနဲ့ ဝိနည်းငါးကျမ်းလည်း ပြန်တယ်ပြောသေး၊ ပြီးတော့ သံယုတ်ငါးကျမ်းလည်း ပြန်တယ်ပြောသေး၊ အကပ်လည်းမခံဘဲနဲ့ ထန်းလျက်ခဲတွေ နှိုက်ယူရသလား"* လို့ ပြောလိုက်တယ်။

M.Sc ကျောင်းသား ။ ။ ဦးဇင်းက စိတ်ဆိုးသွားသလားဘုရား။

ဆရာတော် ။ ။ မောင်ကျောင်းသားတို့ စိတ်နှင့်သာဆိုရင် စိတ်ဆိုးမယ်ထင်တယ်နော်။ သပြေကန် ဆရာတော် လောင်းလျာ ဦးပဥ္စင်းက စိတ်မဆိုးဘဲ *"အေးဟုတ်တယ်၊ မင်း ပြောတာမှန်တယ်၊ ငါ မင့်ကို ကျေးဇူးတင်တယ်"*လို့ ပြန်မိန့်လိုက်တယ်။

M.Sc ကျောင်းသား ။ ။ ထန်းလျက်ခဲနှစ်ခဲကို တော့ ဘုဉ်းပေးလိုက်သလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းဘူး၊ မဘုဉ်းဘူး။ ထန်းလျက်နှစ်ခဲကို သင့်တော်ရာမှာ စွန့်ပစ်လိုက်တယ်။ ပြီးတော့ သက်န်းကို သပ်သပ်ရပ်ရပ် လက်ကတော့ထိုးပြီး အဘယာရာမဆရာတော်ကြီးထံပါး ကြွသွားတော်မူတယ်။ ဆရာတော်ကြီးက *"ဦးပဥ္စင်း ဘာကိစ္စတုန်း"*လို့ တုံးတုံးတိတိ မေးတော်မူပါတယ်။ *"တပည့်တော် ဒေသနာကြားချင်လို့ပါဘုရား"*လို့ ပြန်လျှောက်တယ်။*"အေးအေးလာ"* လို့ မိန့်တော်မူပြီး ဒေသနာကြားလိုက်တယ်။ ပြီးမှ *"အချိန်မှန်မဟုတ်ဘဲ ဒီအချိန်မှာ ဘာလို့ ဒေသနာကြားရတာတုန်း"* လို့ အဘယာရာမဆရာတော်ကြီးက မေးတော်မူတာနှင့် ဦးဇင်းအရှင်ဝါသေဌက အကျိုးအကြောင်း ပြန်လျှောက်ထားပါတယ်။

MSc ကျောင်းသား ॥ ॥ ဆရာတော်ကြီးက ဆူသလားဘုရား။

ဆရာတော် ॥ ॥ မောင်ကျောင်းသား တွေးသလို မဟုတ်ရပါဘူးဗျာ။ ဆရာတော် မိန့်တော်မူလိုက်တာက *"အေး အောင်ကြီးနဲ့တွေ့လို့သာ၊ အောင်ကြီးနဲ့သာ မတွေ့မိရင် ဦးပဉ္ဇင်းက ဘယ်လောက်အကြာကြီး မှားနေဦးမလဲ မသိဘူး"*လို့ မိန့်တော်မူလိုက်ပါတယ်။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား မှတ်သားစရာ ကောင်းလှပါတယ်၊

ဆရာတော် ॥ ॥ နောက်အကြောင်း အရာတစ်ခု သတိရလာတယ်။

M.Sc ကျောင်းသား ॥ ॥ ထန်းလျက်ခဲအကြောင်း ပဲလားဘုရား။

---

ကျမ်းညွှန်း

* သပြေနွယ်၏ သာရိပုတ္တရာအလား ဒို့ဆရာတော်ဘုရား၊ သပြေကန်ထေရရာပြည့် ဂုဏပူဇာ (၂၀၁၂) ခုနှစ်၊ (နှာ-၃၆၁)

* ဒန္တပေါနသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ (နှာ-၁၂၁)